**အဆောက်အဦဆောက်လုပ်ရာတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

၁။ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်သို့ တင်ပြပြီး မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြု ချက်ထုတ်ပေးသည့်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) (၉)ထပ်နှင့်အထက် အဆောက်အဦများ

(ခ) ဟိုတယ်၊ မိုတယ် လုပ်ငန်းများ

(ဂ) ဆေးရုံ၊ ဈေး၊ စက်ရုံ/ အလုပ်ရုံ၊ သိုလှောင်ရုံ/ သိုလှောင်ကန် အဆောက်အဦ များ

(ဃ) စုပေါင်းအိမ်ယာများ

၂။ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ မီးဘေးလုံခြုံရေးစစ်ဆေးအကြံပြုချက်ထုတ်ပေး သည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) (၃)ထပ်မှ (၉)ထပ်အထိ ရိုးရိုးလူနေအိမ်အဆောက်အဦများ

(ခ) တည်းခိုရိပ်သာများ

(ဂ) ပညာရေးဆိုင်ရာ အဆောက်အဦများ

(ဃ) စက်သုံးဆီဆိုင်များ

၃။ ခရိုင်/ မြို့နယ်များမှ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုချက် ထုတ်ပေးသည့်လုပ်ငန်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) အခြားလုပ်ငန်းလိုင်စင်ကိစ္စရပ်များ

(ခ) ပွဲလမ်းသဘင်နှင့် ဖျော်ဖြေရေးပွဲများ